**GINJAW KOMITI**
**WUNPAWNG MUNGDAN SHANGLAWT HPUNG**

# NDAU SHABRA LAIKA
(3/2022)

1. Wunpawng amyu sha ni hte Wunpawng Mungdan masha ni hpe amyu kaba lailen hte hpyen gumshem lai ladat lang ai Myen Mungdan Asuya ban hte ban e dip up da nga ai prat kaw nna lawt lu na matu, mungshawa rawt malan majan woi awn na Wunpawng Mungdan Shanglawt Hpung (KIO) hpe hpaw shabawn dat ai (62) ning hpring sai re.

2. Uru Ginwang Ginjaw ginra A Nang Pa dabang hta Ginwang Ginjaw Komiti kaw nna woi awn n'htawm, (62) Ning Hpring KIO Masat Ninghtoi hpe hkap hkalum let, mungchying mungshawa hpe woi zinlum ai mahkyen lamang kata, masha law law hpawng chyawm nga ai gawk nu hpe ninghtoi 23-10-2022 ya shana 8:30 pm ten e hpyen gumshem Myen hpyen dap kaw nna nbungli bawm kaba hte gap gasat ai lam shabyin dat sai.

3. A Nang Pa dabang gaw KIA dap jung da ai shara n re hpe chye nga ninglen, hpyen gumshem Myen hpyen dap gaw masha arum ara si sum na matu masing nga nga hte da-sang gap gasat dat ai majaw, manu dan dik ai mungchying mungshawa ni hte KIO magam gun law law asak si sum, hkala hkrum ai lam byin sai. Dai re ai majaw, Wunpawng amyu sha ni hte Wunpawng Mungdan masha ni yawng maroi n ni, masin n si yawn hkyen hkrum nga saga ai.

4. Hpyen gumshem Myen hpyen dap a n shawp n kap yuk jahtuk ladat hte shawa daw tsa sat shamyit ai ndai mabyin hpe Wunpawng amyu sha ni hte Wunpawng Mungdan masha ni yawng gaw labau hta prat dingsa matsing ningting galaw da ra saga ai.

5. Uru Ginwang Ginjaw Komiti kaw nna saw shaga dat ai hpe hkungga la-ra manu shadan let lamang mahkyen ni hta sa du shanglawm ai majaw, asak si sum hkala hkrum mat ai mungchying mungshawa ni a matu na-chying myit n pyaw nga ga ai. Asak si sum hkrum mat sai ni a dum nta masha ni, makyin jinghku ni hte maren Wunpawng Mungdan Shanglawt magam gun ni yawng yawn hkyen lawm nga ga ai.

6. KIO hte mungshawa ni sum machyi, yawn hkyen hkrum nga ai hpe tsaw ra myit madun let ninggun jaw ga shadu ai, ndau shabra laika ka shapraw ai, yawn hkyen lahpu laika shagun jaw ai wuhpung wuhpawng ni yawng hpe chyeju dum matsing masat galaw da ga ai.

7. Ndai mabyin hpe, dip da hkrum ai amyu sha ni a lawt lu lam rawt malan magam bungli a matu manu rawng ai ninggun hpung-tun kaba shabyin la sa wa ga ngu ninggun jaw lajin dat ai.

Ginjaw Komiti

Ninghtoi 25-10-2022

Wunpawng Mungdan Shanglawt Hpung

## စစ်ကောင်စီ၏ ဂျက်တိုက်လေယာဉ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရသော အပြစ်မဲ့ပြည်သူလူထုများ၊ အနုပညာရှင်များနှင့် KIO/KIA စစ်ဖက်၊ အရပ်ဖက် ဝန်ထမ်းများအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာ

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်

စစ်ကောင်စီသည် သူတို့၏ စစ်ရေး၊ နိုင်ငံရေး အခြေအနေမှာ လက်ရှိအချိန်၌ ပိုမိုဆိုးဝါးလာသည်နှင့်အမျှ စိတ်ဓာတ်ကျဆင်းပြီး စိတ်ကစဥ့်ကလျားဖြစ်ကာ လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူလူထုအား ဦးတည်တိုက်ခိုက်လာခြင်းကို မြန်မာပြည်အနှံ့ နေ့စဉ်ရက်ဆက်ပြုလုပ်လျက်ရှိသည်။ စစ်သားမပီသဘဲ သူရဲဘောကြောင်စွာ ဂျက်တိုက်လေယာဉ်များဖြင့် ညအချိန်များတွင် အလစ်အငိုက်တိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ရမ်းသန်း ပစ်ခတ်တိုက်ခိုက်ခြင်းများကို အဓိကထားပြုလုပ်နေပြီး စစ်ရာဇဝတ်မှုကျူးလွန်ခြင်းနှင့် လူသားမျိုးနွယ်အပေါ် ပြစ်မှုကျူးလွန်ခြင်းများအား အထင်အရှားတွေ့မြင်နေရပါသည်။

ဤကဲ့သို့သော စစ်ကောင်စီ၏လုပ်ရပ်များမှာ တစ်ရက်ထက်တစ်ရက် ပိုပြီးဆိုးဝါးလာနေသောကြောင့် မြန်မာပြည်သူတစ်ရပ်လုံးအနေဖြင့် အထူးသတိထားစောင့်ကြည့်ရန်လိုအပ်သကဲ့သို့ နိုင်ငံတကာကလည်း အထူးသတိထားစောင့်ကြည့်ပြီး အရေးယူဆောင်ရွက်သင့်သည်များကို အမြန်ဆုံးအရေးယူဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့အတူ တိုင်းရင်းသားလူမျိုးလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအနေဖြင့်လည်း အကြမ်းဖက်စစ်ကောင်စီ၏ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် လှည့်ကွက်များကြားတွင် သွေးအေးမနေဘဲ အထူးသတိထားရမည့်အချိန်ဖြစ်သည်နှင့်အညီ စည်းလုံးညီညွတ်စွာဖြင့် လုပ်သင့်လုပ်ထိုက်သည့်အလုပ်ကို ပြတ်ပြတ်သားသား တက်လှမ်းလုပ်ဆောင်ရမည့် အချိန်ကာလလည်းဖြစ်ပါသည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့၊ ညနေ (၈) နာရီ (၄၀) မိနစ်ဝန်းကျင်အချိန်၌ ကချင်ပြည်၊ ဖားကန့်မြို့နယ်၊ အနန့်ပါတွင် စစ်ကောင်စီ၏ ဂျက်တိုက်လေယာဉ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် KIO နေ့ အထိမ်းအမှတ်ပြုလုပ်နေကြသော အပြစ်မဲ့အရပ်သားပြည်သူလူထုများ၊ အနုပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် မိမိတို့၏ မဟာမိတ် KIO/KIA မှ စစ်ဖက်၊ အရပ်ဖက်ဝန်ထမ်းအချို့ အသက်ဆုံးရှုံးရမှုအပေါ် မိမိတို့ ညီနောင်မဟာမိတ် (၃) ဖွဲ့အနေဖြင့် များစွာဝမ်းနည်းကြေကွဲရပါသည်။ စစ်ကောင်စီ၏ အပြစ်မဲ့ပြည်သူလူထုအပေါ် ကျူးလွန်ထားသော စစ်ရာဇဝတ်မှုများအတွက် ထိုက်သင့်သောပြစ်ဒဏ်ပေးရေးနှင့် ကျူးလွန်ခံရသူများဖက်မှ တရားမျှတမှုကိုရရှိရန် မျှော်လင့်ပါကြောင်း ဖော်ပြရင်း မိမိတို့ ညီနောင်မဟာမိတ် (၃) ဖွဲ့မှ ဤဝမ်းနည်းကြောင်း သဝဏ်လွှာအား ပေးပို့အပ်ပါသည်။

**ညီနောင်မဟာမိတ် (၃) ဖွဲ့**

MNTJP/MNDAA
မြန်မာနိုင်ငံအမှန်တရားနှင့်တရားမျှတသော အမျိုးသားပါတီ/မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော်

PSLF/TNLA
ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး/ တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်

ULA/AA
ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ်/ ရက္ခိုင့်တပ်တော်

KACHIN ALLIANCE

၂၄ အောက်တိုဘာ ၂၀၂၂

**စစ်ကောင်စီ ၏ ဖားကန့်၊အနန့်ပါ လေကြောင်းတိုက်ခိုက်မှုကို ကန့်ကွက် ရှုံ့ချခြင်း**

၂၀၂၂ခုနှစ်၊အောက်တိုဘာလ၊၂၃ ရက်နေ့ ည(၀၈း၃၀) အချိန်တွင် KIO အထိမ်းအမှတ်အကြိုနေ့ အဖြစ် ဖားကန့်မြို့နယ် အနန့်ပါကျေးရွာအနီး ကျင်းပနေစဉ် အကြမ်းဖက် စစ်ကောင်စီ တပ်မှ လေးကြောင်း ဖြင့် လာရောက်ဗုံးကြဲ တိုက်ခိုက်ခြင်းကြောင့် မျိုးချစ်အာဇာနည်များ၊ အနုပညာ ရှင်များ နှင့် အပြစ်မဲ့ ပြည်သူများ ထိခိုက်အသက်ဆုံးရှုံးရသည့်သတင်းကြောင့် အထူးဝမ်းနည်း စိတ်ထိခိုက်ရပါသည်။

အကြမ်းဖက်စစ်ကောင်စီမှ အပြစ်မဲ့ပြည်သူများအား ယခုလိုလေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက် သတ်ဖြတ်ခြင်းအား ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုံ့ချပါသည်။ ဒဏ်ရာရ လူနာများအားဆေးဝါး ကုသရန် ပိတ်ဆို့တားဆီး ခံရကြောင်း လည်းကြားသိရပါသည်။ ဤစစ်ရာဇဝတ်မှုအတွက် မင်း အောင်လှိုင် နှင့် မြန်မာစစ်ခေါင်းဆောင်များ ၌လုံးဝတာဝန်ရှိပါသည်။

အသက်ဆုံးရှုံးလိုက်ရသော မျိုးချစ်အာဇာနည်များ၊ အနုပညာရှင်များ နှင့် ပြည်သူများ အားလုံး ကို မိမိ တို့ Kachin Alliance (ကချင်မဟာမိတ်) အဖွဲ့မှ အထူးလေးစား ဂုဏ်ပြု မှတ်တမ်းတင် အပ်ပါသည်။ ကျန်ရစ်သူမိသားစုများအပေါ်၌ အဖဘုရားသခင်ထံ မှ အထူးနှစ်သိမ့် ခြင်းဆု ကျေးဇူးတော်များခံစားရ ပါစေကြောင်းဆုတောင်းပေးလိုက်ပါသည်။

Kachin Allance
Washington, D.C.

# ကချင်ပြည်နယ်တွင် တိုက်လေယာဉ်များအသုံးပြု၍ အရပ်သားပြည်သူများအား ဗုံးကြဲတိုက်ခိုက်ခြင်းအပေါ် သဘောထားထုတ်ပြန်ချက်

အောက်တိုဘာ ၂၄ ရက်၊ ၂၀၂၂ ခုနှစ်

၂၀၂၂ ခုနှစ် အောက်တိုဘာလ (၂၃) ရက် ညပိုင်း၌ ကချင်ပြည်နယ်၊ ဖားကန့်မြို့၊ အနန့်ပါ ကျေးရွာတွင် (၆၂) နှစ်မြောက် ကေအိုင်အို (Kachin Independence Organization) ဖွဲ့စည်းတည်ထောင်ခြင်း အထိမ်းအမှတ်အကြို ဂီတဖျော်ဖြေပွဲကျင်းပနေစဉ် အကြမ်းဖက် ဖက်ဆစ်စစ်တပ်က တိုက်လေယာဉ်များ အသုံးပြု၍ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ကချင်အနုပညာရှင်များ အပါအဝင် အရပ်သားပြည်သူ အများအပြား သေဆုံးမှုရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရမှုများ ရှိခဲ့ကြောင်း တုန်လှုပ်စွာ ကြားသိရပါသည်။

ဖြစ်ရပ်ဖြစ်ပွားခဲ့သည့် အနန့်ပါ ကျေးရွာသည် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့က စတင်၍ ၁၅ လကျော်ကြာ အင်တာနက်နှင့် ဆက်သွယ်ရေးဖုန်းလိုင်းများ ဖြတ်တောက်ခံထားရသည့် ဒေသတွင် တည်ရှိသည်။ ယခု ကြေညာချက် ထုတ်ပြန်ချိန်အထိ အရပ်သားပြည်သူ (၆၀) ခန့် သေဆုံးခဲ့ရပြီး ထိခိုက်ဒဏ်ရာရရှိသူ ပြည်သူ ၁၀၀ ကျော်ကိုလည်း ဆေးကုသခွင့်မရအောင် ဂင်စီ ကျေးရွာ အထွက်ဂိတ်တွင် အကြမ်းဖက် ဖက်ဆစ်စစ်တပ်က တားမြစ်ထားသည့်အတွက် အသက်အန္တရာယ် ရင်ဆိုင်နေကြရပါသည်။

မိမိတို့ တော်လှန်ရေးအင်အားစုများအနေဖြင့် အောက်ပါ သဘောထားများကို ထုတ်ပြန်လိုက်ရ ပါသည်။

၁။ ယခုကဲ့သို့ လူမဆန်သည့် ကျူးလွန်မှုမျိုး ကြုံတွေ့ခဲ့ရသည့် ကချင်ပြည်သူများအတွက် များစွာ စိတ်မကောင်းဖြစ်ရသည်။

၂။ တော်လှန်ရေး အဖွဲ့အစည်း ကေအိုင်အို တည်ထောင်ခြင်း (၆၂) နှစ်မြောက်နေ့ အထိမ်းအမှတ် အကြိုအခမ်းအနားအား ယခုကဲ့သို့ အကြမ်းဖက် ဖက်ဆစ်စစ်တပ်က တိုက်ခိုက်ခြင်းသည် ဖက်ဒရယ်ဒီမိုကရေစီ တည်ထောင်ရေးအတွက် နိုင်ငံရေးနှင့် စစ်ရေးနည်းအားဖြင့် တော်လှန် နေကြသည့် အစုအဖွဲ့ အားလုံးကို တိုက်ခိုက်ခြင်း ဖြစ်သည်ဟု ခံယူသည်။

၃။ အရပ်သားပြည်သူ အများအပြား ရှိနေသည့် အခြေအနေတွင် ယခုကဲ့သို့ အစုလိုက်အပြုံလိုက် ထိခိုက်သေဆုံးနိုင်သော တိုက်ခိုက်မှုမျိုး လုပ်ဆောင်ခြင်းသည် စစ်ရာဇဝတ်မှု မြောက်သည်။ ၎င်းအပြင် ကချင်လူမျိုးများအား ဦးတည်ချက်ထားတိုက်ခိုက်မှုသည် လူမျိုးတုံးသတ်ဖြတ်မှု (Genocide) ကျူးလွန်လိုသည့် ရည်ရွယ်ချက်ရှိသည်ဟု ယူဆပါသည်။

၄။ အရပ်သားများအပေါ် လေကြောင်းမှ ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား၍ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် စစ်ကောင်စီ၏ လုပ်ရပ်အား အပြင်းအထန် ကန့်ကွက်ရှုတ်ချသည်။

၅။ မိမိတို့အနေဖြင့်ကေအိုင်အို၏ဖက်ဒရယ်ဒီမိုကရေစီရေးနှင့်ကချင်လူထုလွတ်မြောက်ရေးကြိုးပမ်းအားထုတ်မှုများကို လေးစားဂုဏ်ယူပြီး အတူတကွ ပိုမိုခိုင်မြဲစွာ ပူးပေါင်း၍ စစ်အာဏာရှင်ကို အရှိန်မြှင့် ထိုးနှက်တိုက်ခိုက်သွားမည်ဖြစ်သည်။

၆။ အကြမ်းဖက် ဖက်ဆစ်စစ်တပ်၏ လေယာဉ်ဆီနှင့် လက်နက်ဖြတ်တောက်ရန်၊ ၎င်း၏ အဓိက ငွေဝင်လမ်းကြောင်း ဖြစ်သည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း (MOGE) အား အရေးယူရန်၊ စစ်အုပ်စုအား အသိအမှတ် မပြုရေးကို နိုင်ငံတကာ အစိုးရများအနေဖြင့် အရှိန်မြှင့် ဆောင်ရွက်ရန်၊ နိုင်ငံတကာ အသိုင်းအဝိုင်း အနေဖြင့်လည်း ကျူးလွန်သူများကို အပြစ်ပေးအရေးယူရန်၊ တရားမျှတမှုဖော်ဆောင်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ကြားဝင်ဆောင်ရွက်ရန်တို့ကို စဉ်ဆက်မပြတ် တိုက်တွန်းလှုံ့ဆော်ရန် နှိုးဆော်အပ်ပါသည်။

All Kachin Students' Federation – AKSF)

AntiJuntaMassMovementCommittee–AJMM(စစ်အာဏာရှင်ဆန့်ကျင်ရေးလူထုလှုပ်ရှားမှုကော်မတီ)

Blood Money Campaign

General Strike Committee–GSC (စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ)

General Strike Committee of Nationalities–GSCN (လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီ)

Kachin National Youth Network–KNYN

Kachin State Civilian Movement–KSCM

Women's League of Burma–WLB (အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ))

**ABSDF**

**All Burma Students' Democratic Front**

## အနန့်ပါတိုက်ခိုက်မှုနှင့်ပတ်သက်၍ မကဒတ ၏ သဘောထားထုတ်ပြန်ကြေညာချက်

၁။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့ ဖားကန့်မြို့နယ်၊ အနန့်ပါ တိုက်ခိုက်မှုသည် အရပ်သားပြည်သူများကို လေကြောင်းမှ စစ်လေယာဉ်များသုံး၍ ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်သဖြင့် မိမိတို့ မကဒတ မှ ပြင်းထန်စွာ ရှုံ့ချသည်။ ၎င်းလုပ်ရပ်သည် လူသားမျိုးနွယ်တစ်ခုလုံးကို ကျူးလွန်သော စစ်ရာဇဝတ်မှု ဖြစ်သည်။

၂။ ၎င်းတိုက်ခိုက်မှုတွင် အသက်ဆုံးရှုံးခဲ့ရသည့် ကချင်တိုင်းရင်းသား အနုပညာရှင်များ၊ ပြည်သူများနှင့် ကချင် အမျိုးသား လွတ်မြောက်ရေးအဖွဲ့ (KIO) မှ အရာရှိ၊ စစ်သည်များ၏ မိသားစုများနှင့်အတူ ထပ်တူကြေကွဲ ဝမ်းနည်းရ ပါသည်။

၃။ ယနေ့ မြန်မာနိုင်ငံရင်ဆိုင်နေရသည့် အထွေထွေအကြပ်အတည်းနှင့် တိုင်းရင်းသားပြည်သူများအားလုံး ခံစားနေရ သည့် ဘေးဒုက္ခအားလုံး၏ အခြေခံပြဿနာသည် စစ်အာဏာသိမ်းမှုနှင့် စစ်အာဏာရှင်အစိုးရကြောင့်သာ ဖြစ်သဖြင့် ၎င်းပြဿနာကို တိုင်းရင်းသားပြည်သူလူထုနှင့်အတူ ရပ်တည် ဖြေရှင်း သွားမည်ဖြစ်ကြောင်း ထုတ်ပြန် ကြေငြာအပ်ပါသည်။

ဗဟိုကော်မတီ
မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)
ရက်စွဲ။ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၄ ရက်။

ဆက်သွယ်ရန်
ရဲဘော် ကျော်ကျော်လင်း - ဖုန်း + ၆၆ ၈၆၂ ၁၄၀ ၁၆၁။
ရဲဘော် အေးလွင် - ဖုန်း + ၆၆ ၉၇၉ ၂၅၅ ၈၈၅။

Karenni National Progressive Party (KNPP)
Headquarters

P.O Box-6, A. Muang, Mae Hong Son 58000, Thailand Email: knpphq2013@gmail.com
Mobile Phone: G.S: +66(0) 8 9553 1296, S.1: +66(0) 6 1313 7004, S.2: +66(0) 6 3074 9087


**ထုတ်ပြန်ကြေညာချက် အမှတ် ၀၆/၂၀၂၂**

**(၆၂) နှစ်ပြည့် KIO နေ့ အထိမ်းအမှတ်ပွဲအား မြန်မာစစ်ကောင်စီမှ ဗုံးကြဲတိုက်ခိုက်ပြီး အရပ်သားပြည်သူအမြောက်အများ သေဆုံးခဲ့ရမှုအပေါ် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP ၏ သဘောထားထုတ်ပြန်ချက်**

၁။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့ ည (၈း၃၀) ကျော် အချိန်တွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်ရှိ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) တပ်မဟာ (၉) နယ်မြေ အနန့်ပါ ဒေသ၌ (၆၂) နှစ်ပြည့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) နေ့အထိမ်းအမှတ် ဂီတပွဲဖျော်ဖြေပွဲ ကျင်းပပြုလုပ်နေစဉ် မြန်မာစစ်ကောင်စီမှ စစ်ဂျက်လေယာဉ် (၃) စင်းဖြင့် လာရောက်ဗုံးကြဲခဲ့သဖြင့် ကချင်အနုပညာရှင်များအပါအဝင် ကချင်ပြည်သူများစုစုပေါင်း ၅၀ ဦးထက်မနည်းသေဆုံးခဲ့ရပြီး လူဦးရေ (၁၀၀) ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကြားသိရပါဖြင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP အနေဖြင့် ကျန်ရစ်သူ မိသားစုများနှင့်လည်းကောင်း၊ ညီနောင်ခုခံတော်လှန်ရေးမဟာမိတ် KIO နှင့်လည်းကောင်း၊ ကချင်ပြည်သူတစ်ရပ်လုံးနှင့်လည်းကောင်း ထပ်တူဝမ်းနည်းကြေကွဲ ရပါသည်။

၂။ ထိုကဲ့သို့ စစ်ကောင်စီ၏ လူမဆန်သော အကြမ်းဖက်တိုက်ခိုက်မှုကို ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP အနေဖြင့် ပြင်းပြင်းထန်ထန် ရှုံ့ချပါသည်။ ပစ်ခတ်မှု ဖြစ်ပွားခဲ့သည့် နေရာဒေသသည် စစ်ရေးလှုပ်ရှားမှုနှင့် စစ်ပွဲများ ဖြစ်ပွားနေသည့် နေရာဒေသ မဟုတ်သည့်အတွက် စစ်ကောင်စီအနေဖြင့် တမင်သက်သက် အရပ်သားများကို ပစ်မှတ်ထားတိုက်ခတ်ခြင်း ဖြစ်သလို စစ်ရာဇဝတ်မှု (War Crime) အား ကျူးလွန်ခြင်း ဖြစ်ကြောင်း ထင်ရှားပါသည်။

၃။ စစ်ကောင်စီသည် ယခုလို ပြည်သူများအပေါ် ပစ်မှတ်ထားသည့် အကြမ်းဖက်တိုက်ခိုက်များကို မိမိတို့ ကရင်နီလူထုများအပေါ်တွင်လည်းကောင်း၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် အခြားဒေသများတွင်လည်းကောင်း နေ့စဉ် ကျူးလွန်လျက်ရှိပါသည်။ (၆၂) နှစ်ပြည့် KIO နေ့ အထိမ်းအမှတ်ဂီတပွဲကို တိုက်ခိုက်သည့် နေ့တွင်ပင် ကရင်နီပြည်ရှိ ကုန်းသာစစ်ရှောင်စခန်းကိုလည်း စစ်ကောင်စီတပ်မှ အမြောက်ဖြင့် ပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ (၁) ဦး သေဆုံးခဲ့ရပြီး ကလေးငယ်တစ်ဦးအပါအဝင် (၂) ဦး ထိခိုက် ဒဏ်ရာရခဲ့ပါသည်။

၄။ မြန်မာ့တပ်မတော်မှ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် တိုင်းပြည်အာဏာကို သိမ်းယူပြီးသည့် အချိန်မှစ၍ နိုင်ငံတဝှမ်းတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသော စစ်ကောင်စီ၏ အရပ်သားပြည်သူများအပေါ် တိုက်ခိုက်မှုများကြောင့် ပြည်သူ ၂,၃၀၀ ထက်မနည်း သေးဆုံးခဲ့ရပြီး တစ်သန်းကျော်သည် ၎င်းတို့၏ နေရပ်ကို စွန့်ခွာပြီး ထွက်ပြေးတိမ်းရှောင် နေရသလို ဆိုးရွားသော လူသားချင်းစာနာထောက်ထားမှု အကြပ်အတည်းပေါင်း များစွာကိုလည်း ရင်ဆိုင်ကြုံတွေ့ နေရပါသည်။ ထို့အပြင် ၁၂,၀၀၀ ထက် မနည်းသော ပြည်သူများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် အတိုက်အခံ နိုင်ငံရေးသမားများကိုလည်း မတရားဖမ်းဆီး ချုပ်နှောင်ထားပါသည်။ ဤဖြစ်ရပ်မျိုးကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရများအနေဖြင့် လက်ပိုက်ကြည့် မနေသင့်တော့ဘဲ မြန်မာပြည်သူလူထုကို ကာကွယ်ရန်အလို့ငှာ ပိုမိုထိရောက်သော အရေးယူဆောင်ရွက်မှုများကို အမြန်ဆုံးပြုလုပ်သင့်ပါကြောင်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP မှ အလေးအနက် တောင်းဆိုပါသည်။

၅။ ယခုလို ကချင်လူထုတစ်ရပ်လုံးအတွက် အထူးဝမ်းနည်းကြေကွဲရသည့် အခါသမယတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP အနေဖြင့် ကချင်လူထုနှင့် အတူတကွ ရပ်တည်ပြီး အာဏာရှင်စနစ်မှန်သမျှ အမြစ်ပြတ်ချေမှုန်းရေးနှင့် တန်းတူရေးနှင့် ဒီမိုကရေစီရေးကို အပြည့်အဝ အာမခံပေးမည့် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတစ်ရပ် ပေါ်ထွန်းလာရေးတို့အတွက် လွတ်လပ်မှုနှင့် တရားမျှတမှုကို လိုလားသော အင်အားစုအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဤဝမ်းနည်းခြင်း ထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်အပ်ပါသည်။

ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်။

# ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော်(BPLA)

ထုတ်ပြန်ကြေညာချက် (၀၄/၂၀၂၂)

နေ့စွဲ။ ။ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက်

အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားသော အကြမ်းဖက်တိုက်ခိုက်မှုများကို ကချင်၊ ကရင်၊ ရခိုင်၊ ရှမ်း၊ ကရင်နီ၊ ချင်း၊ စစ်ကိုင်း၊ မကွေး နှင့် ကျန်ဒေသများအပါအဝင် နိုင်ငံတဝန်းတွင် အကြမ်းဖက်စစ်ကောင်စီက နေ့စဉ်နှင့်အမျှ ပြောင်ပြောင်တင်းတင်း ကျူးလွန်လျက်ရှိသည်။

၂၀၂၂ခုနှစ်၊ အောက်တိုဘာလ(၂၃)ရက် ညအချိန်တွင်လည်း ကချင်ပြည်၊ ဖားကန့်မြို့နယ်၊ အနန့်ပါ ဒေသတွင် (၆၂)နှစ်ပြည့် ကချင်လွတ်လပ်ရေးအဖွဲ့(KIO)နေ့ အထိမ်းအမှတ် အကြိုဂီတဖျော်ဖြေပွဲပြုလုပ်နေစဉ် အကြမ်းဖက်စစ်ကောင်စီတပ်၏ လေယာဉ်ဖြင့်ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကချင်ပြည်သူ(၅၀)ကျော် သေဆုံးခဲ့ရပြီး လူအများအပြားထိခိုက်ဒဏ်ရာရခဲ့ခြင်းနှင့်ပတ်သက်၍ ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော်(BPLA) အနေဖြင့် ကချင်လွတ်လပ်ရေးအဖွဲ့(KIO)နှင့်တကွ ကချင်ပြည်သူလူထုတရပ်လုံးနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

အဆိုပါလူမဆန်သော စစ်ရာဇဝတ်မှုကို ကျူးလွန်သည့် ဖက်ဆစ်အကြမ်းဖက်စစ်ကောင်စီကို BPLA က အပြင်းထန်ဆုံး ဆန့်ကျင်ရှုတ်ချပါသည်။ စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သောပြစ်မှုများ နှင့် ဂျီနိုဆိုဒ်ပြစ်မှုများကို ကျူးလွန်နေခဲ့သော၊ ဆက်လက်ကျူးလွန်နေသော အကြမ်းဖက်စစ်ရာဇဝတ်ကောင်များနှင့် စစ်ကောင်စီကို ပြစ်ဒဏ်ကင်းလွတ်ခွင့်မရှိစေဘဲ တာဝန်ခံစေပြီး ကျူးလွန်ခံရသူ အရပ်သားပြည်သူများအတွက် တရားမျှတမှုကို ပြန်လည်ဆောင်ကြဉ်းနိုင်ရန် အတူတကွကြိုးစားကြရမည်ဖြစ်သည်။

ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော်(BPLA)အနေဖြင့် အာဏာရှင်စနစ်ပုံစံအားလုံးနှင့် လူမျိုးကြီးဝါဒ တိုက်ဖျက်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ထောင်ရေးအတွက် တောင်ပေါ်မြေပြန့်အနှံ့ရှိ အဖိနှိပ်ခံ ပြည်သူများ၊ မဟာမိတ်များနှင့်အတူလက်တွဲ၍ တိုက်ပွဲဝင်သွားမည်ဖြစ်ပါသည်။

ကွပ်ကဲရေးရုံး

ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော်(BPLA)

Email - bpla_myanmar@protonmail.com, Telegram - @BPLA17

ကမ္မတီပံင်ကောံ ရေင်တ္ၚုင်ကေင်ကာ ဍုင်မန်
မွန်ပြည် ကြားကာလပူးပေါင်းဆောင်ရွက်ရေးကော်မတီ
MON STATE INTERIM COORDINATION COMMITTEE

**ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ၏ (၆၂)နှစ်ပြည့် အထိမ်းအမှတ် အကြိုနေ့ ဗုံးကျဲတိုက်ခိုက်ခဲ့သည့်အပေါ် မွန်ပြည်ကြားကာလ ပူးပေါင်းဆောင်ရွက်ရေးကော်မီတီ (MSICC) မှ ထုတ်ပြန်ကြေငြာချက်**

၁။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့သည် KIO ၏ ၆၂ နှစ်ပြည့် အထိမ်းအမှတ်နေ့ ဖြစ်သည်။ ထိုအထိမ်းအမှတ်နေ့အကြို အောက်တိုဘာ (၂၃) ရက်နေ့တွင် KIO/KIA ၏ တပ်မဟာ ၉ နယ်မြေ ဖားကန့် နယ်မြေ အနန့်ပါ (A Nang Pa) တွင် တေးဂီတဖျော်ဖြေပွဲကို ကချင်အနုပညာရှင်များဖြင့် ပြုလုပ်ခဲ့သည်။

၂။ တေးဂီတဖျော်ဖြေပွဲ ပြုလုပ်နေစဉ် ည (၈ )နာရီကျော်ခန့်တွင် အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့က ဂျက်တိုက်လေယာဉ် (၃) စီးဖြင့် သွားရောက် ဗုံးကြဲ တိုက်ခိုက်ခဲ့သဖြင့် KIO အရာရှိနှင့် တပ်သားတချို့ ကချင်အနုပညာရှင်များ နှင့် ပြည်သူများ (၁၀၀) ထက်မနည်း သေဆုံး ဒဏ်ရာရရှိခဲ့သည်ဟု ဝမ်းနည်းဖွယ် ကြားသိခဲ့ရပါသည်။

၃။ ထိုသို့ တိုင်းရင်းသား ပြည်သူများအပေါ် ဂျက်တိုက်လေယာဉ်ဖြင့် အကြမ်းဖက် တိုက်ခိုက် ချေမှုန်းခဲ့ပြီး ပြည်သူကို ရန်သူသဖွယ် သဘောထားခဲ့ကြသည့် စစ်ကောင်စီ၏ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု (Crime Against Humanity) နှင့် (War Crime) စစ်ရာဇဝတ်မှု ကျူးလွန်သည့်လုပ်ရပ်အပေါ် မိမိတို့ မွန်ပြည်ကြားကာလ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီမှ အပြင်းအထန် ရှုံ့ချကြောင်း ထုတ်ပြန်ကြေငြာအပ်သည်။

**မွန်ပြည်ကြားကာလ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ**
**နေ့ စွဲ။ အောက်တိုဘာလ ၂၄ ရက်၊ ၂၀၂၂**

**MUNGMYIT SINLI RAMMA HPUNG**

(KACHIN SUB-STATE YOUTH ORGANIZATION)

## ကချင်ပြည်နယ် ဖားကန့်မြို့နယ် အနန့်ပါတွင် အရပ်သားပြည်သူများအားဦးတည်ကာ တိုက်လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုအပေါ် သဘောထားထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၅) ရက်

၁။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ တိုင်းပြည်အာဏာကို စစ်ကောင်စီတပ်မှ သိမ်းယူပြီးသည့်နောက်ပိုင်း စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သော ပြည်သူများအား စစ်ကောင်စီတပ်မှ အကြမ်းဖက် နှိမ်နင်းခဲ့သည့်အပြင် အရပ်သားပြည်သူများကို ဦးတည်ကာ နည်းလမ်းအမျိုးမျိုးဖြင့်သတ်ဖြတ်ခြင်း၊ မြို့ ရွာများကို မီးရှို့ဖျက်ဆီးခြင်း စသည့် စစ်ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သည်။

၂။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့၊ ည ၈ နာရီ ၄၀ မိနစ်အချိန်၊ ကချင်ပြည်နယ် ဖားကန့်မြို့နယ် အနန့်ပါကျေးရွာ၌ Kachin Independent Organization (KIO) အထိမ်းအမှတ်နေ့ အကြို တေးဂီတဖျော်ဖြေပွဲ ပြုလုပ်နေစဉ် စစ်ကောင်စီတပ်မှ တိုက်လေယာဉ် (၃) စီး အသုံးပြု၍ ပွဲခင်းအတွင်း အရပ်သားပြည်သူများကို ဦးတည်ကာ ဗုံးကြဲတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းကြောင့် သေဆုံးသူ (၆၀) ဦးခန့် ရှိခဲ့ပြီး ဒဏ်ရာရရှိသူ (၁၀၀) ကျော် ရှိခဲ့သည်။

၃။ စစ်ကောင်စီတပ်၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု (Massacre) တွင် အသက်ဆုံးရှုံးခဲ့ရသော ပြည်သူလူထုများ၊ ကချင်အနုပညာရှင်များ နှင့် KIO/KIA စစ်သည်များ၏ ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၄။ ဤသို့ အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားကာ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု (Massacre) ကို ပေါ်ပေါ်ထင်ထင် ကျူးလွန်ခဲ့သော စစ်ကောင်စီတပ်၏ လုပ်ရပ်ကို မိမိတို့ KSYO အနေဖြင့် ပြင်းပြင်းထန်ထန် ကန့်ကွက် ရှုတ်ချပါသည်။

**Kachin Sub-State Youth Organization (KSYO)**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ဗဟိုအလုပ်ကော်မတီ

အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

nld.cwc@protonmail.com


ရက်စွဲ - ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၂၅ ) ရက်

သတင်းထုတ်ပြန်ချက်အမှတ်( ၁၁/၂၀၂၂)

ကချင်ပြည်နယ်၊ဖါးကန့်မြို့နယ်၊အနန့်ပါ ရှိ တေးဂီတ ဖျော်ဖြေပွဲကို အကြမ်းဖက်စစ်ကောင်စီက လေကြောင်းတိုက်ခိုက်ခဲ့မှု နှင့်ပတ်သက်၍သဘောထားထုတ်ပြန်ချက်

၁။ ၂၀၂၂ ခုနှစ်၊အောက်တိုဘာလ ၂၃ ရက်၊ည (၈း၃၀) နာရီအချိန်တွင် ကချင်ပြည်နယ်၊ ဖါးကန့်မြို့နယ် အနန့်ပါ ၌ ကျင်းပနေသည့် "KIO နေ့ အထိမ်းအမှတ် " တေးဂီတဖျော်ဖြေပွဲသို့ တရားမဝင် အာဏာသိမ်းစစ်ကောင်စီက တိုက်ခိုက်ရေးလေယာဉ် (၃)စီးအသုံးပြုကာ လေကြောင်းဖြင့် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခဲ့ခြင်းကြောင့် နာမည်ကျော် ကချင်တိုင်းရင်းသား အနုပညာရှင်များ အပါအဝင်၊ ပြည်သူ (၆၀) ဦးထက် မနည်း သေဆုံးခဲ့ကာထိခိုက်ဒါဏ်ရာရခဲ့သူ အများအပြား ရှိကြောင်းသတင်းများအရ သိရှိရသည့်အတွက် သေဆုံး၊ ဒါဏ်ရာရသူများ ၏ မိသားစုဝင်များ၊ ကချင်တိုင်းရင်းသားပြည်သူများနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

၂။ ယင်းကဲ့သို့ လူမဆန်သော တိုက်ခိုက်မှုသည် စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ လက်ယက်ကုန်းရွာရှိ စာသင်ကျောင်းတွင် ပညာသင်ယူနေသော လူမမယ် ကျောင်းသား၊လူငယ်လေးများအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ သကဲ့သို့ပင် အရပ်သားပြည်သူများအပေါ် ရည်ရွယ်ချက်ရှိရှိ ကျူးလွန်ခြင်းဖြစ်ကြောင်း ထင်ရှားပါသဖြင့် လူမျိုးတုန်းသတ်ဖြတ်ရန် ရည်ရွယ်သည့် စစ်ရာဇဝတ်မှုကို အကြမ်းဖက်စစ်ကောင်စီက အကြိမ်ကြိမ် ကျူးလွန်နေခြင်းဖြစ်ပါသည်။



၃။ မြန်မာနိုင်ငံ ဒေသအသီးသီးရှိ လေကြောင်းတိုက်ခိုက် ခံရမှုများနှင့် မီးရှို့ဖျက်ဆီးခံရမှုများအတွက်လည်း နစ်နာသူပြည်သူလူထုတစ်ရပ်လုံး၏ ဆုံးရှုံး နာကျင်ရမှုများအတွက် ထပ်တူဝမ်းနည်း ကြေကွဲရပါကြောင်းနှင့် ကျူးလွန်သူအကြမ်းဖက်စစ်ကောင်စီအား အပြင်းအထန်ကန့်ကွက်ရှုံ့ချပါသည်။

၄။ မြန်မာနိုင်ငံဒီမိုကရေစီထွန်းကားရေးနှင့်ဖယ်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးတို့အတွက် ကြိုးပမ်းအားထုတ်နေသည့် တိုင်းရင်းသား၊ ပြည်သူလူထုများအား အင်အားအလွန်အကျွံသုံး အကြမ်းဖက်သတ်ဖြတ်မှုများကို နေ့စဉ် ကျူးလွန်နေသည့် အကြမ်းဖက်စစ်ကောင်စီကို ဖယ်ရှား၊ အရေးယူနိုင်ရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ကမ္ဘာ့ခေါင်းဆောင်များ အနေဖြင့် မိမိတို့ တိုင်းရင်းသား၊ ပြည်သူလူထုနှင့်အတူ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါရန်မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။

ဗဟိုအလုပ်ကော်မတီ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

**ALL KACHIN YOUTH UNION**

**<u>ကချင်ပြည်နယ်၊ ဖားကန့်မြို့ အနန့်ပါ တွင်လေကြောင်းဖြင့် ထိုးစစ်ဆင်တိုက်ခိုက်မှုအပေါ် All Kachin Youth Union (AKYU)၏ သဘောထားထုတ်ပြန်ချက်</u>**

၂၀၂၂ခုနှစ်၊အောက်တိုဘာလ၊ ၂၅ရက်

၂၀၂၂ခုနှစ်၊ အောက်တိုဘာလ (၂၃)ရက်နေ့ညတွင် ဖားကန့်မြို့ အနန့်ပါတွင် စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် မတရား ထိုးစစ်ဆင် တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူများ၊ ကချင်အနုပညာရှင်များ သေဆုံးသွားမှုအပေါ် ကျွန်ုပ်တို့ အဖွဲ့အစည်းအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုံ့ချပါသည်။ ဤဖြစ်စဉ်ကြောင့် ကျဆုံးသွားသော အရပ်သားပြည်သူများ၊ ကချင်အနုပညာရှင်များ၏ မိသားစုဝင်များနှင့် အတူ ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် ထပ်တူဝမ်းနည်းမိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ All Kachin Youth Union (AKYU)အဖွဲ့အစည်းအနေဖြင့် အောက်ပါအတိုင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

၁။ စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် မတရားအကြမ်းဖက်ထိုးစစ်ဆင်တိုက်ခိုက်မှုများသည် အရပ်သားပြည်သူအမြောက်အများကို ထိခိုက်နစ်နာသေဆုံးမှုများ ဖြစ်ပွားစေသောကြောင့် ထိုကဲ့သို့ မတရားထိုးစစ်ဆင် တိုက်ခိုက်မှုများ ထပ်မံ မပြုလုပ်ရန်။

၂။ ယခုဖြစ်စဉ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသော အရပ်သားပြည်သူများကို ဆေးကုသခံယူခွင့် တားဆီးပိတ်ပင်မှုများ လုံးဝ မပြုလုပ်ရန်။

၃။ နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် ယခုဖြစ်ပွားခဲ့သော ဖြစ်စဉ်အပေါ် အမှန်တကယ်ထိရောက်သော အရေးယူမှုများ ပြုလုပ်ဆောင်ရွက်ပေးရန်။

All Kachin Youth Union (AKYU)

**WUNPAWNG AMYU SHA MUNG BAWNG RAPDAW**
**KACHIN NATIONAL CONSULTATIVE ASSEMBLY**
ကချင်အမျိုးသားများအတိုင်ပင်ခံအဖွဲ့
MGR(79), Shatapru, Myitkyina. Ph: 074-22829
SINCE - 2002

# ထုတ်ပြန်ကြေငြာချက်

ရက်စွဲ၊ ၂၅-၁၀-၂၀၂၂

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ၊ (၂၃) ရက်၊ ည(၈:၃၀)မိနစ်အချိန်၊ ကံဆီး ကျေးရွာအုပ်စု၊ အနန့်ပါတွင် ဆုတောင်းပွဲနှင့် ဖြေဖျော်ရေးအစီအစဉ်ပြုလုပ်နေစဉ်၊ တိုက်လေယာဉ်များဖြင့် လာရောက်ပစ်ခတ်မှုကြောင့် အပြစ်မဲ့ ဘာသာရေးဆရာများ၊ ဂီတအနုပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် အရပ်သားပြည်သူ (၅၄) ဦး သေဆုံးပြီး၊ အယောက်(၁၀၀)ကျော် ဒဏ်ရာရရှိခဲ့သည့် ဆိုးရွားလှသော ဤအဖြစ်အပျက်အပေါ် ယူကြုံးမရဝမ်းနည်းကြေကွဲမှု ဖြစ်မိပါကြောင်းနှင့် နောက်နောင်တွင် ဤကဲ့သို့သော လုပ်ရပ်နှင့်ဖြစ်ပျက်မှုများထပ်မံမဖြစ်စေရန် ထုတ်ပြန်လိုက်သည်။

အသက်ဆုံးရှုံးခဲ့ကြသူများ၏ ကျန်ရစ်သော မိသားစုများနှင့်ထပ်တူဝမ်းနည်းပါကြောင်းနှင့် ၎င်းမိသားစုများအပေါ်တွင် ထာဝရဘုရားသခင်ထံမှငြိမ်သက်ခြင်း၊ နှစ်သိမ့်ခြင်းခံစားရပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

**ကချင်အမျိုးသားများအတိုင်ပင်ခံအဖွဲ့**

# PAN-SINGPHO STUDENTS' UNION

NINGAWN JINGHPAW JAWNGMANG HPUNG

HEAD OFFICE: MARGHERITA

DISTRICT TINSUKIA, ASSAM (INDIA)

ESTD – 1997

Phone : 70022-90125
: 78960-65108



Nongpion Gumgi
President
Nonglon Ningkhee
Vice President
Nonglee Gudung
General Secretary
Pansoi Machey
Asst. Gen. Secretary
Nongseng Ulup
Finance Secretary
Dharitri Kumu
Cultural Secretary
Brangseng Kiyang
Chief Auditor
Mungseng Ulup
Games & Sport Secertary
Sengthoi Labram
Music Secretary
Branglat Urang
Information & Publicity Secy
Sanjib Ulup
Rajib Ningkhee
Pabitra Ningda
Advisor Board
Sengja Gudung
Tanglep Kumu
Senglon Machey
Bisa Dumai Singpho
Organising Secretary


Ref no. ... ... ... ... ....

Date. 27/10/22

## Statement

Kachin Mungdaw uru Ginwang Ginjaw ginra Anang pa hta Myen hte mungdan hpe woi awn ai makawp maga nga ai KIO/KIA Ginwang Ginjaw Komiti kaw nna woi awn let galaw ai 62 ning hpring KIO masat ninghtoi hpe hkap hkalum ai lamang hte mungchying mungshawa hpe woi zinlum ai mahkyen lamang hta, 23/10/2022 ya shana hkying 8:30 ram hta myu tsaw hpyen du, hpyen La/num, myu hte mungdan hpe tsawra ai shingni ninghkring ni hte mungchying mungshawa masha law law hpawng zup nga ai shara hpe hpyen gumshen myen hpyen dap kaw nna n-bungli bawm kaba hte gap gasat dat ai majaw myu tsaw hpyen du, hpyen la/num, Wunpawng myusha ni yawng a matu manu dan ai shingni ninghkring ni hte mungchying mungshawa masha law law asak si sum mat ai lam hpe na chye lu ga ai.

Ning re hpyen wa a n-teng-n-man-shawp n-kap ai, n-tara ai lai len a majaw anhte myusha ni a manu dan dik ai asak aprat sum mat ai hta anhte Gala mung nga ai myusha ni yawng mu masin n si-maroi n-ni, myit yawn dik ai hte galoi mung Yak tim Pyaw tim rau rai nga na lam n-dai statement hku shana shabra dat ga ai law.

Nongpion Gumgi

President

Nonglee Gudung

General Secretary

Final

ASEAN CAMBODIA 2022

ASEAN A.C.T.: Addressing Challenges Together

## ASEAN CHAIRMAN'S STATEMENT ON THE RECENT ESCALATION OF VIOLENCE IN MYANMAR

ASEAN is gravely concerned over the recent escalation of violence in Myanmar, including the bombing at Insein prison, hostilities in Karen State, and the most recent report of an air strike in Kachin State, which hit a civilian gathering, killing and injuring many people. We are deeply saddened by the growing casualties, and the immense suffering that ordinary people in Myanmar have endured.

We observe with alarm the latest intensified fighting which has not only resulted in worsening the humanitarian situation throughout Myanmar, but also goes against the spirit of ASEAN's Five-Point Consensus and undermining effort of the Special Envoy of ASEAN Chair on Myanmar to bring progress in its implementation.

We, therefore, strongly urge utmost restraint and immediate cessation of violence. We urgently call on all parties concerned, in particular one with significant power on the ground, to take concrete actions to enable a process of inclusive and constructive dialogue and to seek a peaceful solution and national reconciliation in Myanmar, and for the sake of peace, security and stability in the region.

---

JINGHPAW AMYU SHARAWT HPUNG
SINGPHO DEVELOPMENT SOCIETY
H. Q. BORDUMSA
(REGISTERED UNDER SOCIETIES REGISTRATION ACT. 1860)
REGISTRATION NO. SR/ITA/344
Registered Office :
BORDUMSA - 792 056, DIST. CHANGLANG, ARUNACHAL PRADESH (INDIA)
E-mail : sdsbsa2016@gmail.com

Ref. No. : INT/07/22-23 JP

Date : 27/10/2022

**Ndau Shana Laika**

Jinghpaw Mung, Hpakant Ginra, Ginsi Mare, Anang Pa hta (23, October, 2022) Shana, byin lai mat wa sai lam hpe India Mungdan e nga ai Anhte Shapawng Yawng Myu Shani hku nna hkapla n lu ai, Gumshem ai Myen Hpyen dap a sat samyit ai lam re ai hpe ja ja ninghkap ai lam ndau shana ai.

Ndai mabyin gaw Jinghpaw Wunpawng Amyu sha hpe sha nre, Shinggyim masha ahkaw ahkang the Shinggyim lailen hta hkrit tsang ra dik ai tara tawt lai ai lam re.

Mungchying Mung shawa hpe madung tawn nna sat shamyit ai lam, Hpyen majan byin ai shara n re ai kaw Nbungli the Bawm jahkrat ai lam gaw Mungkan a Hpyen Tara hpe tawt lai ai lam re.

Tara n lang ai lam, Shinggyim ahkaw ahkang hpe tawt lai ai lam mahkra hpe Anhte India mung e nga ai Shapawng Yawng Amyu Sha ni kaw nna ninghkap ai hte Tengman Tara Rapra ai lam hpe mahtai shapraw ya lu na matu ndai ndai laika hpe shapraw dat ai.

Hkratsum mat wa sai Mungdan a magam gun ai Ningbaw Ningla ni, Yu-ngwi Ninghkring ni hte Mung mare masha ni hte rau yawnhkyen nga ga ai.

President

Singpho Development Society

**သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)**
**စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည့် ပြည်သူများအတွက်**
**ဝမ်းနည်းကြောင်း ထုတ်ပြန်ကြေညာချက်**

၂၀၂၂ခုနှစ်၊ အောက်တိုဘာလ (၂၈)ရက်

၁။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၃)ရက်နေ့ ညပိုင်းတွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ အနန့်ပါ၌ ကချင်လွတ်မြောက်ရေးအဖွဲ့(KIO) တည်ထောင်ခြင်း အထိမ်းအမှတ်ပွဲ ကျင်းပနေစဉ် စစ်ကောင်စီ၏ လေကြောင်းပစ်ခတ်တိုက်ခိုက်မှုကြောင့် အထိမ်းအမှတ်ပွဲ တက်ရောက်နေသည့် ပြည်သူများ၊ အနုပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် KIO အရာရှိ၊ အရာထမ်းများ သေဆုံးခြင်း၊ ဒဏ်ရာရရှိခြင်း များစွာ ရှိခဲ့ကြောင်း ကြားသိရပါသည်။

၂။ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူများ၊ ဒဏ်ရာရသူများ အားလုံးအတွက် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အနေဖြင့် လွန်စွာ ဝမ်းနည်းမိပါကြောင်း ထုတ်ပြန်ကြေညာပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

ဆက်သွယ်ရန်-
၁။ ဗိုလ်မှူး ခမ်းစံ- +၆၆ ၆၄၉ ၇၀၄ ၀၆၁
၂။ ဒုတိယ ဗိုလ်မှူးကြီး အုမ်ခေး - +၉၅ ၉၆၅ ၀၄၁ ၇၃၆၀

ရှမ်းပြည်နယ်အရှေ့ပိုင်း၊အထူးဒေသ(၄) ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ
缅甸掸邦东部第四特区和平与团结委员会

# 声 明

根据媒体报道，10 月 23 日晚克钦邦阿南坝发生重大伤亡事件。我们表示震惊，并向死难者家属致以深切的慰问。

战争致使大量平民流离失所，妻离子散，群众失去宝贵的生命和赖以生存的家园。

在此，我们真诚希望饱受战争之苦的各族人民期盼的和平能早日实现。

掸邦东部第四特区
和平与团结委员会
2022 年 10 月 26 日

缅甸掸邦东部第四特区资讯网

ရှမ်းပြည်နယ်အရှေ့ပိုင်း၊အထူးဒေသ(၄)
ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ

# ထုတ်ပြန်ကြေညာချက်

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၂၃)ရက်နေ့ည ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ အနန့်ပါဒေသတွင် ထိခိုက်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သတင်းမီဒီယာများ၏ ထုတ်ပြန်ချက်အရ သိရှိရပါသဖြင့် လွန်စွာတုန်လှုပ်မိပြီး ကျန်ရစ်သူမိသားစုများနှင့် ထပ်တူဝမ်းနည်းမိပါသည်။

စစ်ပွဲဒဏ်ကြောင့် ပြည်သူများ နေရပ်စွန့်ခွာရ၍ မိသားစုတစ်ကွဲတစ်ပြားဖြစ်စေပြီး အသက် ဆုံးရှုံးခဲ့ကြရပါသည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တနေသော ငြိမ်းချမ်းရေးကို ဆောလျင်စွာ ဖော်ဆောင်နိုင်ပါစေကြောင်း မျှော်လင့်ပါသည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၂၆)ရက်

缅甸掸邦东部第四特区资讯网

# Lisu National Organization(LNO)

Facebook: LNO Media; Email: president.lnousa@gmail.com

အောက်တိုဘာ ၃၀၊၂၀၂၂

**ကချင် ပြည်နယ် ၊ဖါးကန့်မြို့အနန်ပါ ဒေသ စကစ လေကြောင်းတိုက်ခိုက်ခြင်းအား LNO မှ ပြင်းထန်စွာ ကန့်ကွက်**

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့ ည ၈း၃၀ နာရီအချိန်ခန့် ဒေသစံတော်ချိန်၊ ဖားကန့်မြို့နယ်၊ အနန်ပါကျေးရွာတွင် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) တည်ထောင်ခြင်း (၆၂) နှစ်မြောက် အထိမ်းအမှတ် ဖျော်ဖြေပွဲအတွင်း ကချင်အနုပညာရှင်၊ အနုပညာရှင် များအား အကြမ်းဖက်စစ်ကောင်စီ မှ တိုက်ခိုက်ခြင်း ခံခဲ့ရသည်။ စီးပွားရေးသမားများ၊ ဒေသခံ ဌာနေတိုင်းရင်းသားများနှင့် KIO ခေါင်းဆောင်အချို့အပါအဝင် အရပ်သားအများအပြား သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ရပါသည်။ ဤနည်းဖြင့် အကြမ်းဖက်စစ်ကောင်စီတပ်များသည် နိုင်ငံတစ်ဝှမ်းရှိ တိုင်းရင်းသားဒေသများရှိ ပြည်သူများကို လေကြောင်းမှ တိုက်ခိုက်ခြင်း၊ ပြည်သူ့အိမ်ရာများကို မီးရှို့ဖျက်ဆီးခြင်း လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ စစ်ရာဇဝတ်ပြစ်မှုများကို LISU NATIONAL ORGANIZXATION မှ ပြင်းထန်စွာ ရှုတ်ချပါသည်။ စစ်ကောင်စီရဲ့ သတ်ဖြတ်မှုတွေကြောင့် အပြစ်မဲ့ပြည်သူများ၊ အသက်စတေးခဲ့ သွားကြသော ရဲဘော်များ အနုပညာရှင်များအား LISU NATIONAL ORGANIZATION မှ အလွန်ဝမ်းနည်းရပါသည်။ ကျန်ရစ်သူမိသားစုများအတွက် ဘုရားသခင်၏ နှစ်သိမ့်မှုနှင့် ငြိမ်သက်ခြင်း ကျ ရောက်စေကြောင်း ဆုတောင်းပေးအပ်ပါသည်။

**လေးစားအပ်ပါသော တိုင်းရင်သားမိဘပြည်သူများခဗျား စစ်အာဏာရှင်စနစ် ပပျောက်ရေး အတွက် ဝိုင်းဝန်း တွန်းလှန်စို့။။**

**LNO**